ဘလော့ခရီးသည်

နည်းပညာမျှဝေခြင်းဖြင့်

ဆက်လက် ကြိုးစားနေမည်

အားပေးမှုအား ကျေးဇူးတင်လျှက်

# ကွန်ပျူတာဆိုင်ရာနည်းပညာအတိုအစလေးများ

**www.aungsanmks.com**

## မာတိကာ ။ ။

(၁) ကွန်ပျူတာအဖွင့်အပိတ်မြန်စေသောနည်းလမ်း

(၂) ကြိုက်သောဆိုဒ်ကို ကွန်ပျူတာပေါ်မှာ App Shortcut လုပ်နည်း

(၃) Graphic Memory ကိုဘယ်လိုကြည့်ရလဲ

(၄) စက် Hang တာ ( သို့ ) အလုပ်မလုပ်တဲ့ Application တွေကိုအမြန်ပိတ်နည်း


အောင်ဆန်းမြင့်

မန်းကြီးစောက်ကျေးရွာ

ဒီပဲယင်းမြို့နယ်


21-3-2014

လိုအပ်သောစာအုပ်များ

တောင်းဆိုနိုင်ပါတယ်

# ကွန်ပျူတာ အဖွင့်..အပိတ်... မြန်ဆန်စေဖို့ နည်းလမ်း




ဘလော့ခရီးသည်
www.aungsanmks.com

မင်္ဂလာပါနော် သည်တစ်ခါ ရေးမဲ့နည်းပညာလေးကတော့ မထင်မှတ်တဲ့ နည်းလေးလည်းဖြစ်နိုင်ပါတယ်..
ဆရာ့ ဆရာကြီးတွေအတွက်တော့ ရိုးရာ ဖြစ်ခြင်ဖြစ်နေပေမယ့် ကွန်ပျူတာ ကိုင်စ ဝါသနာရှင် မိတ်ဆွေ များအတွက်တော့ နည်းလမ်း တစ်ခုလို့ ဆိုရပါမယ်... ဒါကတော့ မိမိတို့ကွန်ပျူတာ အတက်...အပိတ်
အရမ်းလေးလံနေတယ်ဆိုတဲ့ သူတွေအတွက် နည်းလမ်းများစွာထဲက နည်းလမ်းလေးတစ်ခုကို ကျနော်
ရေးသားမှာ ဖြစ်ပါတယ်.. ကျနော်တော် ကိုယ်တိုင်လည်း ကွန်ပျူတာ အခြေခံနည်းပညာတွေကို အရမ်းအားနည်းသူတစ်ယောက်ဖြစ်တဲ့အတွက် ခုလို အောက်ခြေ နည်းလမ်းလေးတွေကနေ စပြီး မတောက်တခေါက် သိတာ တတ်တာလေးကို ပြန်လည် ဆင့်ပွါးမျှဝေလိုက်ခြင်းဖြစ်ပါတယ်... ကွန်ပျူတာ ဆားဗစ်ဆရာတွေကတော့ ကျော်ခွ ဖြတ်သွားလိုက်ပါနော်..ကဲ ပုံလေးတွေနဲ့ စိတ်ရှည်စွာ ရှင်းပြပါ့မယ်..

အဆင့် (၁)..........မိမိတို့ ကွန်ပျူတာ start ကနေ search box မှာ view advance system ဆိုတဲ့စာသားလေးကို ရေးလိုက်ပါ....အောက်ကပုံလေးအတိုင်း လိုက်လုပ်ကြည့်နော်....




ပုံမှာ ပြထားတဲ့  နံပါတ် စဉ်တိုင်းကလစ်သွားလိုက်ပါနော်... အရမ်းလွယ်ကူပါတယ်.... နံပါတ် (၅) မှာဘဲ

စက္ကန့်  ဆိုတာကို  1 second လို့ပေးလိုက်ယုံပါဘဲနော်...ပြီးတာနဲ့ အောက်က Ok ပေါ့...။

**အဆင့်   (၂)**    ............. ကတော့ အပေါ်ကလိုပါဘဲ start search box ကနေပါဘဲ  **regedit**  ဆိုတာလေးကို ရေးထည့် ရှာလိုက်ပါ အောက်မှာ သူနဲ့ပါတ်သက်တဲ့ပုံကိုပြထားပါတယ်......




သူ့ကိုလည်းပုံမှာ ပြထားသလို နံပါတ် စဉ်တိုင်း ကလစ်ပေးသွားလိုက်ပါနော်...

regedit ကိုကလစ်တာနဲ့ ဘောက်လေးကျလာမှဖြစ်ပါတယ်.... အဲမှာဘဲ နံပါတ်စဉ်.... 3,4,5,6, တိုင်းကလစ်ပေးလိုက်တာနဲ့ ဘေးမှာ ရှိတဲ့ စာတန်းတွေထဲက နံပါတ် 7 မှာပြထားတဲ့ စာတန်းကို နှစ်ချက် ကလစ်ပေးလိုက်ပါ... ဒါဆို ဘောက်သေးသေးလေးတစ်ခုကျလာပါမယ်.... ကျလာတဲ့ ဘောက်ထဲမှာ နံပါတ် 12000 လို့ပါလိမ့်မယ်....ဘယ်နံပါတ်ဘဲ ပါခဲ့ပါစေ အဲနေရာကို.. 1000 လို့ ပြောင်းထည့်ပေးပြီး Ok ပေးလိုက်ပါတော့...ဒါဆိုရင် သင့်ရဲ့ လုပ်ဆောင်ချက် ပြီးခဲ့ပါပြီ...

## အကြိုက်ဆုံးဆိုဒ်တွေကို Computer ပေါ်မှာ App Shortcut လေးလုပ်တင်ထားမယ်

မင်္ဂလာပါ သည်နည်းလမ်းလေးကိုတော့ သဘောကျလိမ့်မယ်လို့ မျှော်လင့်မိပါတယ်... မဆန်းကျယ်လှပေမယ့် အသုံးဝင်စေတဲ့နည်းလမ်းဆို မမှားပါဘူး... ဘာလဲဆိုတော့ မိမိတို့ အရမ်းခရေစီ ဖြစ်တဲ့ အမြဲ လိုလိုဝင်နေကျဖြစ်တဲ့ ဆိုဒ်တွေ ကို မိမိတို့ ကွန်ပျူတာ Desktop ပေးမှာ မှန်ပြင် မှာ
အိုင်ကွန်လေးအဖြစ် အလွယ်တကူတင်ထားတဲ့နည်းလမ်းလေးတခုဘဲ ဖြစ်ပါတယ်.... ဒါကို Desktop App လို့ဆိုရမလားဘဲဗျ... သူကတော့ Chrome Browser ကနေဘဲ စွမ်းဆောင်ပေးနိုင်မှာဖြစ်ပါတယ်.... လုပ်နည်းကို အောက်မှာ ပုံလေးတွေနဲ့ တစ်ကွ ဖြေရှင်းထားပါတယ်..

Chrome Browser ကနေ နှစ်သက်တဲ့ ဝက်ဆိုက်ကိုသွားပါ။ပြီးရင် *Customize & control Chrome* button ကိုနှိပ်ပြီး Tools ကနေတဆင့် Create application shortcut ကိုနှိပ်ပါ။ ပုံမှာ ပြထားသလိုပေါ့ အဆင့်ဆင့် နံပါတ်စဉ်အလိုက် သွားပေးလိုက်ပါနော်...




နောက် တဆင့်အနေနဲ့ အိုင်ကွန်လေး ရေးဖို့ ဘောက်လေးတစ်ခုကျလာမှာ ဖြစ်ပါတယ်နော်...




မိမိတို့ နှစ်သက်သလို ရွေးချယ် အမှန်ခြစ်ပေးလိုက်ပါနော်..ဒါဆို လုပ်ဆောင်ချက် ပြီးမြောက်ပါပြီ..



# Graphic မန်မိုရီကို ဘယ်လိုကြည့်မလဲ

ဒီနည်းလေးကတော့ ဘာမှပြောင်းလဲပေးဖို့ မလိုပါဘူး..။ ဗဟုသုတ အနေနဲ့ တင်ပေးလိုက်တာပါ..။ ကျနော်တို့ ကွန်ပျူတာတွေမှာ ဂရပ်ဖစ်မန်မိုရီကလည်း တခန်းပါဝင်ပါတယ်..။ ဘာလို့လဲဆိုတော့ ဂရပ်ဖစ်မရှိရင် Games တွေကစားလို့မရပါဘူး..။ နောက်ပြီး Screen Saver လည်းအလုပ်မလုပ်ပါဘူး..။

စက်အဟောင်းတွေ ဝင်းဒိုးအသစ်တင်တဲ့အခါ ဂရပ်ဖစ်တွေ ပျောက်တတ်ပါတယ်..။ အဲခါမျိုးတွေမှာ Driver အခွေရှိတဲ့စက်တွေကတော့ လွယ်ပေမယ့် Driver ခွေမရှိတော့တဲ့စက်တွေမှာတော့ အင်တာနက်မှာ လိုက်ရှာရတာ အတော်လေး ရှာလည်ပါတယ်..။ နောက်တစ်ခုက မိမိတို့စက်ရဲ့ ဂရပ်ဖစ်က တအားနည်းနေတဲ့အခါ၊ တချို့ဂိမ်းတွေ ဆော့လို့မရတဲ့အခါ ဂရပ်ဖစ်ကတ်ကို ထပ်မြင့်လို့ရပါတယ်..။ အပိုထပ်တိုးလို့ ရပါတယ်..။ အဲဒါကတော့ ဆိုင်မှာ သွားလုပ်ရမှာပါ..။ ဂရပ်ဖစ်ကတ်တော့ပါပြီး ဂရပ်ဖစ်မန်မိုရီ အလုပ်မလုပ်တဲ့အခါ ပုံမှာပြထားတဲ့ B နေရာမှ ဂရပ်ဖစ် တန်ဖိုး မပေါ်ပဲနဲ့ n/a ဆိုတဲ့ စာသားလေးပဲ မြင်ရမှာပါ..။ အဲလိုမျိုးပေါ်နေရင်တော့ မိမိစက်ရဲ့ မော်ဒယ်နဲ့ အမျိုးအစား တူမယ့် ဂရပ်ဖစ်ဆော့ဝဲလ်ကို ရှာပြီးသာ ထည့်ပေတော့...။
ဂရပ်ဖစ်ကို ကြည့်နည်းလေးကတော့ ကီးဘုတ်မှ ရှော့ကပ်ကီး windows+R နဲ့ Run Box ကိုဖွင့်ပြီး.. dxdiag စာသားကိုရိုက်ထည့်ပါ..။ Enter သို့မဟုတ် OK နှိပ်ပါ.. ပုံမှာဆက်ကြည့်လိုက်ပါဗျာ..




ဂရပ်ဖစ်မန်မိုရီ 256 MB လောက်ဆိုရင်ပဲ အတော်လေး ကောင်းနေပါပြီ..။
ဂိမ်းတော်တော်များများကိုလည်း ဆော့လို့ရပါပြီ..။

## စက် Hung နေတာ(သို့) အလုပ်မလုပ်တဲ့ Application တွေကို အမြန်ပိတ်နည်း



ဒီမှာပေးထားတဲ့ စာလေးကို taskkill /f /fi "status eq not responding"

ကို Notepad မှာရေးပြီးတာနဲ့ *kill-task.bat* လို့ဆေ့လိုက်ပါ နောက် *double click* *ပေးလိုက်ရင် စက် Hung နေတာ(သို့) အလုပ်မလုပ်တဲ့ Application ဟာ ပိတ်သွားပါမယ်* Windows XP Home မှာတော့ ဒီကောင်က အလုပ်မလုပ်ပါဘူးနော် .bat ကိုမြင်ပြီး ဟာ virus ဖိုင်ကြီးလို့ မထင်ပါနဲ့

အောင်အောင်(မကစ) ရဲ့ ဘလော့ခရီးသည်လေးအား အားပေးနေကြတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်.. လိုခြင်တာကို ကြိုက်နှစ်သက်သလို ယူဆောင်သုံးစွဲနိုင်ပါတယ်.... အဆင်မပြေတာများရှိခဲ့ပါက ဘလော့ခရီးသည်ရဲ့...cbox မှာ ပြောခဲ့ကြပါနော်

ဘလော့ခရီးသည်ပိုင်ဆိုင်သောနေရာလေးများ

www.aungsanmks.com
www.ledimye.blogspot.com
www.ninilayy.blogspot.com
www.btebooks.blogspot.com
www.menpoem.blogspot.com

ဘလော့ခရီးသည်